## သတင်းထုတ်ပြန်ချက်

**ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ တုံ့ပြန်ချက်များအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချ**

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွေ့ရှိရသည်။ ယင်းကြေညာချက်များ၌ ပါရှိသည့် အချက်အလက်များသည် မှန်ကုန်မှု မရှိ၊ တိကျမှု မရှိကြောင်း တွေ့ရပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်း၊ ဘက်လိုက် မှုရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်း တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် စတင်ပေါ်ပေါက်ခဲ့သည့်ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း (Security outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် များက ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို တည်ဆဲဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ထွက်ခွာမှုများဖြစ်ရန် ARSA အကြမ်းဖက်သမား များက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ARSA ၏ အကြမ်းဖက် ခြိမ်းခြောက်မှုကြောင့် ထွက်ခွာခဲ့သည့်ဦးရေ ဖော်ပြရာတွင်လည်း မမှန်မကန် ချဲ့ကားမှုများ ရှိသည်။ မြန်မာအစိုးရအနေဖြင့် ထွက်ခွာခဲ့သူများကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထား သည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စနစ်တကျ စိစစ်လက်ခံရေးကို နှစ်နိုင်ငံ ညှိနှိုင်း ဆောင်ရွက် လျက်ရှိသည်။

မြန်မာအစိုးရနှင့် ပြည်သူများသည် "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကိုမူ အသိအမှတ် မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင် မရှိဘဲ ဥပဒေကြောင်း အရလည်း သုံးစွဲမှု မရှိပါ။ ယင်းအမည်သုံးစွဲသူများသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြောင်း တွေ့ရသည်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စနစ်တကျ စစ်ဆေးပြီး ကိုက်ညီသူများကို သင့်လျော်သည့် နိုင်ငံသား အဆင့်အတန်းအား လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှု မရှိဘဲ ပေးအပ်နေသည်။

၂၅-၈-၂၀၁၇ ဖြစ်ရပ်များနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့ ARSA ၏ လုပ်ရပ်ကို ဖုံးကွယ်ခြင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ၏ အရေးကိစ္စကို လျစ်လျူရှုခြင်း၊ မြန်မာအစိုးရ၏ အပြုသဘော ဆောင်ရွက်ချက်များကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် မှန်ကန်မှု မရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်များကို ဖြစ်ရပ်မှန် အခြေခံခြင်း မရှိဘဲ ပြည်တွင်းရေးကို စွက်ဖက်ရာ ရောက် သည့်အတွက် ပြင်းထန်စွာ ပယ်ချ၍ ရှုတ်ချလိုက်ကြောင်း ကြေညာ အပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

## Press Release

**Myanmar strongly condemns and rejects statements issued on the anniversary of August 2017 incidents of Rakhine State**

The Ministry of Foreign Affairs has learnt the issuance of statements by certain countries and organisations including the spokesperson of the United Nations Secretary General on the anniversary of the incident that took place in Rakhine State on 25 August 2017. The contents and facts contained in their statements not only lack authenticity and are of unverifiable sources but are also found to be one-sided and interfering in the internal affairs of Myanmar.

The incidents that started on 25 August 2017 in Rakhine State were triggered by the coordinated and simultaneous attacks of the ARSA (Arakan Rohingya Salvation Army) terrorist group on 30 police outposts and a Regiment Headquarters. Those terrorist attacks resulted in casualties of both security personnel and innocent civilians. In this regard, with a view to ensuring prevalence of security, peace and stability of the locality and the people, the security personnel had to take necessary measures in accordance with the existing rules and regulations.

The ARSA terrorist group had deliberately orchestrated such incidents to make the people in Rakhine State flee to the other side of the border. They also inflated the numbers of the people who fled due to the terror-threat of ARSA. The Myanmar Government is systematically carrying out verification process to repatriate those who fled the country in accord with the bilateral agreements. The Government and people of Myanmar do not recognize and accept the use of the term "Rohingya". Such term is not included in the historical evidences and lacks legal basis. Those using the term are found to be doing so for political purposes. The Myanmar Government is granting appropriate status of citizenship to those eligible after systematic verification in accordance with 1982 Myanmar Citizenship Law, irrespective of religion and race.

The statements issued were found to be not only concealing the ARSA's terrorist acts with regard to the incident of 25 August 2017 and ignoring to objectively observe the situation of ethnic people in Rakhine State but also disregarding constructive measures taken by the Myanmar Government. The contents contained in the statements were based on unverifiable sources merely to exert pressure on Myanmar and tantamount to the interference in the internal affairs of Myanmar. As such, Myanmar strongly condemns and rejects those statements.

Ministry of Foreign Affairs
Nay Pyi Taw
Dated, 25 August 2022